ကမ္ဘာဦးကျမ်း။

GENESIS.

၁

၁ အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်
၂ မြေကြီးကို ဖန်ဆင်းတော်မူ၏။— မြေကြီးသည်အ
ဆင်းသဏ္ဌာန်မရှိ၊လွတ်လပ်လဟာဖြစ်၏။ နက်နဲ
ရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏
ဝိညာဉ် တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်
ရှားတော်မူ၏။။
၃ ဘုရားသခင် ကလည်း၊ အလင်းဖြစ်စေဟု အ
၄ မိန့်တော်ရှိ၍ အလင်း ဖြစ်လေ၏။— ထိုအလင်း
ကောင်းသည်ကို ဘုရားသခင် မြင်၍၊ အလင်းနှင့်
၅ မှောင်မိုက်ကို ဝိုင်းခြား ခွဲထား တော်မူ၏။— အ
လင်းကို နေ့ဟူသော အမည်ဖြင့်ငင်း၊ မှောင်မိုက်
ကိုညဉ့်ဟူသော အမည်ဖြင့်ငင်း၊ ခေါ်ဝေါ်သမုတ်
တော်မူ၍၊ ညဉီးနှင့် နံနက်သည် ပဌမနေ့ရက်ဖြစ်
လေ၏။။
၆ တဖန်ဘုရားသခင်က၊ ရေအလယ်၌ မိုဃ်းမျက်
နှာကြက်ဖြစ်စေ၊ ရေနှင့်ရေခွဲ ခြားနားစေဟု အ
၇ မိန့်တော်ရှိသဖြင့်၊— မိုဃ်းမျက်နှာကြက်ကို ဘုရား
သခင် ဖန်ဆင်းတော် မူ၍၊ မိုဃ်း မျက်နှာကြက်
အောက်၌ရှိသောရေနှင့်၊ မိုဃ်းမျက်နှာကြက် အ
ပေါ်၌ရှိသောရေ၊ကို ဝိုင်းခြားတော်မူသည်အတိုင်း
၈ ဖြစ်လေ၏။— မိုဃ်းမျက်နှာကြက် ကိုလည်း မိုဃ်း
ကောင်းကင်ဟူသောအမည်ဖြင့် ဘုရားသခင်ခေါ်
ဝေါ်သမုတ်တော်မူ၍၊ ညဉီးနှင့် နံနက်သည် ဒုတိ
ယနေ့ရက်ဖြစ်လေ၏။။
၉ တဖန် ဘုရား သခင်က၊ မိုဃ်း ကောင်း ကင်
အောက်၌ ရှိသော ရေစုဝေးစေ၊ ကုန်းပေါ်စေဟု
၁၀ အမိန့်တော် ရှိသည်အတိုင်း ဖြစ်လေ၏။— ကုန်း
ကို မြေဟူသော အမည်ဖြင့်ငင်း၊ ရေစုဝေးရာကို
ပင်လယ် ဟူသော အမည်ဖြင့်ငင်း၊ ဘုရားသခင်
ခေါ်ဝေါ်သမုတ်တော်မူ၍၊ ထိုအမှုအရာ ကောင်း
သည်ကိုဘုရားသခင်မြင်တော်မူ၏။။
၁၁ တဖန် ဘုရား သခင်က၊ မြေသည် မြက်ပင်ကို
ငင်း၊ စပါးသီးကို ဖြစ်စေသော စပါးပင် ကိုငင်း၊
မြေပေါ်မှာ မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေ
သောသစ်ပင်ကိုငင်း၊ ပေါက်စေဟု အမိန့်တော်ရှိ
၁၂ သည်အတိုင်း ဖြစ်လေ၏။— မြေသည် မြက်ပင်ကို
ငင်း၊ စပါးသီးမျိုးကို ဖြစ်စေသော စပါးပင်ကိုငင်း၊
မိမိ၌ မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသော
၁၃ သစ်ပင် ကိုငင်း ပေါက် စေ၏။— ထိုအမှု အရာ
ကောင်းသည်ကို ဘုရားသခင် မြင်တော်မူ၍၊ ည
ဉီးနှင့်နံနက်သည်တတိယနေ့ရက်ဖြစ်လေ၏။။
၁၄ တဖန် ဘုရားသခင်က၊ နေ့နှင့်ညဉ့်ကို ဝိုင်းခြား
စေခြင်းငှါ မိုဃ်းကောင်းကင် မျက်နှာကြက်၌ အ
လင်းအိမ် တည်စေ၊ နိမိတ်လကွဏာ၊ ရိုးရျက်
သောအချိန်၊ ဇနေရက် အဝိုင်း အခြား၊ နှစ်အဝိုင်း
၁၅ အခြားတို့ ဖြစ်စေ၊— မိုဃ်းကောင်းကင် မျက်နှာ
ကြက်၌တည်၍ မြေကြီးလင်းစရာ အလင်းအိမ်ဖြစ်
စေဟု၊အမိန့်တော်ရှိသည်အတိုင်းဖြစ်လေ၏။။
၁၆ ထိုသို့ ဘုရားသခင်သည် အလင်း အိမ်ကြီးနှစ်
လုံးတည်းဟူသော၊ နေ့ကိုအုပ်စိုးရသော အကြီး
တလုံး၊ ညဉ့်ကို အုပ်စိုးရသော အငယ်တလုံးနှင့်
တကွ ကြယ်များတို့ကို ဖန်ဆင်းတော်မူပြီးလျှင်၊—
၁၇ မြေကြီး၌ လင်းစေခြင်းငှါငင်း၊ နေ့နှင့်ညဉ့်ကိုအုပ်
၁၈ စိုးရ၍ အလင်းနှင့် မှောင်မိုက်ကို ဝိုင်းခြားစေခြင်းငှါ
ငင်း၊ မိုဃ်း ကောင်းကင် မျက်နှာကြက်၌ ဘုရား
သခင်ထားတော်မူ၏။ ထိုအမှုအရာကောင်းသည်
၁၉ ကို ဘုရားသခင် မြင်တော်မူ၍၊— ညဉီးနှင့် နံနက်
သည်စတုတ္ထနေ့ရက်ဖြစ်လေ၏။။
၂၀ တဖန် ဘုရားသခင်က၊ အသက်ရှင်၍ လှုပ်ရှား
တတ်သော တိရစ္ဆာန်တို့ကို ရေသည် များပြားစွာ
မွေးဘွားစေ၊ ငှက်တို့လည်း မြေပေါ်မိုဃ်းကောင်း
ကင် မျက်နှာကြက်ပြင်ဝယ်ပျံစေဟု အမိန့်တော်ရှိ
၂၁ ၏။— ထိုသို့လျှင်ရေသည်တိရစ္ဆာန်အမျိုးအလိုက်
များပြားစွာ မွေးဘွား၍၊ ငါးကြီး အစ ရှိသော အ
သက်ရှင်၍ လှုပ်ရှားတတ်သောတိရစ္ဆာန်အပေါင်း
တို့ကိုငင်း၊ ပျံတတ်သောငှက်မျိုးအပေါင်းဆိုကိုငင်း
ဘုရားသခင် ဖန်ဆင်း၍၊ ထိုအမှု အရာ ကောင်း
၂၂ သည်ကို မြင်တော်မူ၏။— ဘုရားသခင်ကလည်း၊
များပြားစွာမွေးဘွားကြလော့။ပင်လယ်ရေများကို
ပြည့်စေကြလော့။ ငှက်တို့လည်း မြေပေါ်၌ များ
ပြား စေသတည်းဟု ထိုတိရစ္ဆာန်တို့ကို ကောင်း

၂၃ ကြီးပေးတော်မူ၍၊— ညဦးနှင့် နံနက်သည် ပဉ္စမ
နေ့ရက်ဖြစ်လေ၏။
၂၄ တဖန် ဘုရားသခင်က၊ မြေသည် အသက်ရှင်
သော သတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကို
ငှင်း၊ တွားတတ်သော တိရစ္ဆာန်တို့ကိုငှင်း၊ သား
ရဲမျိုးတို့ကိုငှင်း၊ မွေးဘွားစေဟုအမိန့်တော်ရှိသည်
၂၅ အတိုင်း ဖြစ်လေ၏။— ထိုသို့ ဘုရားသခင်သည်
သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်မှာ တွားတတ်
သော တိရစ္ဆာန်မျိုး အပေါင်းတို့ကို ဖန်ဆင်း၍၊
ထိုအမှုအရာကောင်းသည်ကိုမြင်တော်မူ၏။
၂၆ တဖန် ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်တ
ညီ တသဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့။ သူ
သည် ပင်လယ်ငါးတို့ကိုငှင်း၊ မိုဃ်း ကောင်းကင်
ဌက်တို့ကိုကိုငှင်း၊ သားယဉ်တို့ကိုငှင်း၊ မြေတပြင်လုံး
နှင့်တကွ၊ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်
အပေါင်း တို့ကိုငှင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ
၂၇ ၏။— ထိုသို့ဘုရား သခင်သည် မိမိပုံသဏ္ဌာန်နှင့်
အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏
ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ားးလူမိန်းမ
၂၈ ကို ဖန်ဆင်း ပြီးလျှင်၊— အခင်းတို့၊ များပြားစွာ
မွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍ နှိပ်ကြ
လော့။ ပင်လယ်ငါးတို့ကိုငှင်း၊ မိုဃ်းကောင်းကင်
ဌက် တို့ကိုငှင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်
ရှား တတ်သော တိရစ္ဆာန် အပေါင်း တို့ကိုငှင်း
အုပ်စိုးကြလော့ဟုမိန့်တော်မူ၍၊ သူတို့ကိုကောင်း
ကြီးပေးတော်မူ၏။
၂၉ ဘုရားသခင်ကလည်း၊ ကြည့်ရှုလော့။ မြေတ
ပြင်လုံး၌ စပါးသီးကို ဖြစ်စေသော စပါးပင်အမျိုး
မျိုး တို့ကိုငှင်း၊ မျိုးစေ့ကို ဖြစ်စေသော အသီးနှင့်
ပြည့်စုံသော သစ်ပင် အမျိုးမျိုးတို့ကိုငှင်း၊ သင်တို့
၃၀ စားစရာတို့ ငါပေး၏။— မြေသား၊ မိုဃ်းကောင်း
ကင်ငှက်၊ အသက်ရှင်၍ မြေပေါ်မှာ တွားတတ်
သော တိရစ္ဆာန်မျိုးအပေါင်းတို့စားစရာတို့၊ မြက်
ပင်အမျိုးမျိုးတို့ကို ငါပေးမည်ဟု မိန့်တော်မူသည်
၃၁ အတိုင်း ဖြစ်လေ၏။— ဘုရားသခင်သည် မိမိဖန်
ဆင်းသမျှသော အရာတို့ကို ကြည့်ရှုလျှင်၊ အလွန်
ကောင်းသည်ကို မြင်တော်မူ၍၊ ညဦးနှင့် နံနက်
သည်ဆဌမနေ့ရက်ဖြစ်လေ၏။

၂

၁ ထိုသို့ ကောင်းကင် မြေကြီးနှင့်တကွ၊ ခပ်သိမ်း
သော တန်ဆာ တို့သည် ပြီးစီးလျက် ရှိကြ၏။—
၂ သတ္တမ နေ့ရက် ရောက်လျှင်၊ ဘုရားသခင်သည်
ဖန်ဆင်းသော အမှုကို လက်စသတ်တော် မူခဲ့ပြီး
သည်ဖြစ်၍၊ ဖန်ဆင်း သမျှသော အမှုအရာ တို့
သည် ပြီးစီးပြီးမှ၊ ထိုသတ္တမ နေ့၌ ငြိမ်ဝပ်စွာနေ
၃ တော်မူ၏။— ထိုသတ္တမနေ့ကို ဘုရားသခင်သည်
ကောင်းကြီး ပေး၍ သန့်ရှင်း စေတော်မူ၏။ အ
ကြောင်းမူကား၊ ဖန်ဆင်း ပြုပြင်တော် မူသော အ
မှုအရာ အလုံးစုံတို့သည် ပြီးစီးသောကြောင့်၊ ထို
နေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။
၄ ၌အကြောင်းအရာကား၊ ထာဝရအရှင်ဘုရား
သခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်း
တော်မူသောနေ့၊ ဖန်ဆင်းရာ ကာလ၌ ကောင်း
၅ ကင်နှင့်မြေကြီး၏မူလအထွဋ်ပွတ္တိပေတည်း။— မြေ
၌ လယ်ယာမျိုးပင်မပေါက်မီ၊ လယ်ယာ၌ စပါး
ပင် မကြီးပွါးမီ၊ အဟင်္ခါသမျှတို့ကို ဖန်ဆင်းတော်
မူ၏။ ထိုအခါထာဝရအရှင်ဘုရားသခင်သည် မြေ
၆ ပေါ်၌ မိုဃ်းကို ရွာစေတော်မမူသေး။ မြေ၌လုပ်
သောလူလည်း မရှိသေးသည်ဖြစ်၍၊— မြေမှအခိုး
အငွေ့ထွက်သဖြင့်မြေတပြင်လုံးကိုစိုစေလေ၏။
၇ ထိုနောက်၊ ထာဝရ အရှင် ဘုရားသခင်သည်
မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့
ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည်အသက်
ရှင်သောသတ္တဝါဖြစ်လေ၏။
၈ ထာဝရအရှင် ဘုရားသခင်သည်လည်း အရှေ့
မျက်နှာ၊ ဧဒင်အရပ်၌ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင်၊
ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌ နေရာချ
၉ တော်မူ၏။— ထိုမြေထဲကအဆင်းလှ၍၊စားဘွယ်
ကောင်းသော အပင် အမျိုးမျိုးကို ထာဝရအရှင်
ဘုရားသခင် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အ
လယ်၌ အသက်ပင်လည်းရှိ၏။ ကောင်းမကောင်း
ကိုသိကျွမ်းစရာအပင်လည်းရှိ၏။
၁၀ ထိုဥယျာဉ်ကိုစိုစေလိုသောငှါမြစ်တမြစ်သည်ဧ
ဒင်အရပ်ထဲကစီးထွက်သဖြင့်၊ ဥယျာဉ်ပြင်မှာလေး
၁၁ ဖြာကွဲ၍ မြစ်မ လေးသွယ်ဖြစ်လေ၏။— ပဌမမြစ်
ကား ဖိရုန်အမည်ရှိ၏။ ထိုမြစ်သည် ရွှေရှိသော
ဟာဝိလပြည်နား တရှောက် လုံးကို စီးသွားလေ
၁၂ ၏။— ထိုပြည်မှဖြစ်သောရွှေသည် ကောင်းလှ၏။
၁၃ မဇလေသစ်စေးနှင့် ရှုဟံကျောက်လည်းရှိ၏။— ဒု
တိယမြစ်ကား ဂိဟုန်အမည်ရှိ၏။ ထိုမြစ်သည် ကု
ရှပြည်နား တရှောက် လုံးကို စီးသွားလေ၏။—
၁၄ တတိယမြစ်ကား ဟိဒကေလအမည်ရှိ၏။ ထိုမြစ်
သည် အာရှရိတိုင်း အ ရှေ့ သို့ စီးသွား လေ၏။
စတုတ္ထမြစ်ကားဥဖရတ်အမည်ရှိ၏။

၁၅ ထိုအခါထာဝရအရှင်ဘုရားသခင်သည် လူကို
ယူ၍ခြင်ဥယျာဉ်ကို ပြုစုစောင့်နေစေခြင်း၌ ထား
၁၆ တော်မူ၏။— ထာဝရအရှင်ဘုရားသခင်ကလည်း၊
ကောင်းမကောင်းကို သိကျွမ်းရာ အပင်မှတပါး၊
ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏ အသီးကို
၁၇ သင်သည်စားရသောအခွင့်ရှိ၏။— ထိုအပင်၏အ
သီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အ
မှန်သေရမည်ဟုလူကိုပညတ်ထားတော်မူ၏။။

၁၈ ထာဝရ အရှင် ဘုရား သခင် က လည်း၊
ယောကျ်ားသည် တယောက်တည်းမနေကောင်း၊
သူနှင့်တော်သောအထောက်အမကို သူ့ဘို့ငါလုပ်
၁၉ ဦးမည်ဟု အကြံရှိတော်မူ၏။— ထာဝရအရှင် ဘု
ရားသခင်သည် မြေတိရစ္ဆာန်တို့နှင့်မိုးဝဲယံကောင်း
ကင်ငှက်အပေါင်းတို့ကို မြေဖြင့်ဖန်ဆင်းတော်မူပြီး
လျှင်၊ လူသည်အဘယ်သို့ခေါ်ဝေါ်သမုတ်မည်ကို
သိခြင်းငှါ၊ လူရှိရာသို့ ဆောင်ခဲ့တော် မူ၏။ လူ
သည်လည်း အသက်ရှင်သော သတ္တဝါ အပေါင်း
တို့ကို ခေါ်ဝေါ်သမုတ်သည်အတိုင်း၊ နာမည်အ
၂၀ သီးအသီးခံကြ၏။— ထိုသို့လူသည် သားယဉ်အ
ပေါင်းတို့ကိုငှင်း၊ မိုးဝဲယံကောင်းကင် ငှက်အပေါင်း
တို့ကိုငှင်း၊ သားရဲအပေါင်းတို့ကိုငှင်း၊ အမည်ပေး
၍မည်လေ၏။ သို့သော်လည်း လူနှင့်တော်သော
အထောက်အမ မပေါ်မရှိသေး။။

၂၁ ထိုအခါ ထာဝရအရှင် ဘုရားသခင်သည် လူ
ကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူ
သည်အိပ်ပျော်စဉ်၊ နံရိုးတချောင်းကို ဘုရားသခင်
ထုတ်ပြီးလျှင်၊ ထိုအရိုးအစားအသားကိုစေ့စပ်စေ
၂၂ တော်မူ၏။— ထာဝရအရှင်ဘုရားသခင်သည် လူ
ထဲကထုတ်သောနံရိုးဖြင့် လူမိန်းမကိုဖန်ဆင်း၍လူ
၂၃ ရှိရာသို့ဆောင်ခဲ့တော်မူ၏။— လူကလည်း၊ ယခု
ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက
အသားဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ
ကိုလူမိန်းမဟုခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။။—
၂၄ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ် မိ
ဘကို စွန့်၍၊ ကိုယ်ခင်ပွန်းဘို့ မှီဝဲသဖြင့်၊ ထိုသူတို့
၂၅ သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။— ထို
သူလင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲ နေ
၍၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ကြ၏။

၃

၁ မြွေသည် ထာဝရအရှင် ဘုရားသခင် ဖန်ဆင်း
တော်မူသော မြေတိရစ္ဆာန်ဘကာတို့ထက် လိမ္မာ
သည်ဖြစ်၍၊ မိန်းမအား၊ သင်တို့သည်ဥယျာဉ်၌ရှိ
သမျှသောအပင်တို့၏ အသီးကိုမစားရဟု ဧကန်
စင်စစ် ဘုရားသခင် မိန့်တော်မူသလောဟု မေး
၂ ၏။— မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ ရှိ
သော အပင်တို့၏ အသီးကိုစားရသော အခွင့်ရှိ
၃ ၏။— ဥယျာဉ်အလယ်၌ရှိသော အပင်၏ အသီး
ကိုကား၊ သင်တို့သည်မကိုင်မစားဘဲနေကြလော့။
သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိ
၄ သည်ဟု မြွေအားဆို၏။— မြွေကလည်း၊ သင်တို့
၅ သည်ကေန်အမှန်သေရမည်မဟုတ်။— အကြောင်း
မူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည်
မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊
ဘုရားသခင်ကဲ့သို့ ဖြစ်ကြ လတံ့သည်ကို၊ ဘုရား
၆ သခင်သိတော်မူသည်ဟုမိန်းမအားဆို၏။— ထိုအ
ပင်သည်စားဘွယ်ကောင်းခြင်း၊ အဆင်းလည်းလှ
ခြင်း၊ ပညာတိုးပွါးစေလိုသောငှါ၊ နှစ်သက်ဘွယ်
သော အပင်ဖြစ်ခြင်းကို မိန်းမသည်မြင်လျှင်၊ အ
သီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍
၇ သူသည်လည်း စား၏။— ထိုသူနှစ်ယောက် တို့
သည် မျက်စိပွင့်လင်း၍၊ မိမိတို့၌ အဝတ်အချည်း
စည်း ရှိသည်ကို သိမြင်လျှင်၊ မိမိတို့ ဝတ်ရန်ဘို့
သင်္ဘောသဖန်းပင်အရွက်တို့ကိုချုပ်စပ်၍ ခါးစည်း
ကိုလုပ်ကြ၏။

၈ နေ့သောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအ
ရှင်ဘုရားသခင် ကြွတော်မူသောအသံကို လူလင်
မယားတို့သည်ကြားလျှင်၊ အထံတော်မှလွတ်ခြင်း
၄၊ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက် နေကြ
၉ ၏။— ထာဝရအရှင် ဘုရားသခင်ကလည်း၊ သင်
သည် အဘယ်မှာရှိသနည်းဟု၊ လူကိုခေါ်တော်
၁၀ မူ၏။— လူကလည်း၊ ဥယျာဉ်၌ကိုယ်တော်၏ အ
သံကို ကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်း
ရှိသောကြောင့်၊ ကြောက်၍ပုန်းလျက် နေပါသည်
၁၁ ဟုလျှောက်လေ၏။— ဘုရားသခင်ကလည်း၊ သင်
၌ အဝတ်အချည်းစည်း ရှိသည်ကို သင်အား အ
ဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သော
အပင်၏အသီးကို စားပြီလောဟုမေးတော်မူ၏။—
၁၂ လူကလည်း၊ ကျွန်တော်၌ အပ်ပေးတော် မူသော
မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်
၁၃ စားမိပါသည်ဟုလျှောက်လေ၏။— ထာဝရအရှင်
ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ပြုပြီး
သနည်းဟု မိန်းမအားမေးတော်မူလျှင်၊ မိန်းမက၊
မြွေသည် ကျွန်တော်မကိုလှည့်စား၍၊ ကျွန်တော်
မသည်စားမိပါပြီဟုလျှောက်လေ၏။

၃၄ ထာဝရအရှင် ဘုရားသခင်သည် မြွေကိုခေါ်၍
သင်သည် ဤအမှုကို ပြုသောကြောင့်၊ သားယဉ်၊
သားရဲအပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်
သည်ဝမ်းဗြောက်သွား၍ မြေမှုန့်ကို တသက်လုံးစား၍
၁၅ မည်။— သင်နှင့် မိန်းမကိုငင်း၊ သင်၏ အမျိုးအ
နွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငင်း၊ ငါသည်ရန်
ပြုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကို ကြိတ်လိမ့်
မည်၊ သင်သည်သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟု
မိန့်တော်မူ၏။

၁၆ မိန်းမကိုလည်း၊ သင်ဘို့ကိုယ်ဝန်ဆောင်ခြင်းဝေ
ဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာဝေ
ဒနာကိုခံ၍သားဘွားရမည်။ ကိုယ်ခင်ပွန်း၏အလို
သို့လိုက်၍၊ သူ၏အုပ်စိုးခြင်းကိုလည်း ခံရမည်ဟု
၁၇ မိန့်တော်မူ၏။— ယောက်ျားကိုလည်း၊ ထိုအပင်
၏အသီးကိုမစားရဟုငါဆုံးမတော်လည်း၊ သင်
သည်မယားစကားကိုနားထောင်၍ စားမိသော
ကြောင့်၊ မြေသည် သင်၏အတွက် ကျိန်ခြင်းကိုခံ
လျက်ရှိ၏။ မြေ၏အသီးကို တသက်ပတ်လုံး ပင်
၁၈ ပန်းစွာစားရမည်။— ဆူးပင်အမျိုးမျိုးတို့ကိုလည်း
သင်အဘို့ မြေပေါက်စေမည်။ လယ်ဌ ဖြစ်သော
၁၉ ဟင်းသီး ဟင်းရွက်တို့ကို သင်စားရမည်။— သင်
ထွက်ရာမြေသို့မပြန်မီတိုင်အောင်၊ သင်၏မျက်နှာ
မှချွေးထွက်လျက်အစာကိုစားရမည်။ အကြောင်း
မူကား၊ သင်သည် မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ ပြန်ရ
မည်ဟုမိန့်တော်မူ၏။

၂၀ ထိုအခါလူသည် မိမိမယားကို၊ ဧဝအမည်ဖြင့်
မှည့်လေ၏။ အကြောင်းမူကား၊ သူသည်အသက်
ရှင်သောသူအပေါင်းတို့၏အမိဖြစ်သတည်း။

၂၁ ထာဝရအရှင် ဘုရားသခင် သည်လည်း၊ လူ
လင်မယားဘို့ သားရေဖြင့် တတ်လုံကိုလုပ်၍ ဝတ်
ရှိစေတော်မူ၏။

၂၁ ထာဝရအရှင် ဘုရားသခင်ကလည်း၊ လူသည်
ငါတို့တွင်တပါးပါးကဲ့သို့ဖြစ်၍၊ ကောင်းမကောင်း
ကို သိတတ်၏။ ယခုမှာသူသည် ထာဝရအသက်
ကိုရခြင်းငှါ၊ လက်ကိုဆန့်လျက် အသက်ပင်၏အ
၂၃ သီးကိုယူ၍မစားသင့်ဟု မိန့်တော်မူရှု၏။— လူသည်
မိမိထွက်သောမြေ၌ လုပ်ရမည်အကြောင်း၊ ထာဝ
ရအရှင် ဘုရားသခင်သည်၊ ဧဒင် ဥယျာဉ် ထဲက
၂၄ လွှတ်လိုက်တော်မူ၏။— ထိုသို့လူကို နှင်ထုတ်ပြီး
လျှင်၊ အသက်ပင်လမ်းကိုစောင့်ရှောက်စေခြင်းငှါ၊
မီးစက်လက်နက်နှင့်တကွ ခေရုမိမ်တို့ကို ဥယျာဉ်
အရှေ့ဘက်၌ထားတော်မူ၏။

THE HOLY BIBLE

CONTAINING THE

OLD AND NEW TESTAMENTS

TRANSLATED INTO THE BURMESE FROM

THE ORIGINAL TONGUES

By Rev. A. JUDSON, D.D.